# ဆောက်လုပ်ရေးဝန်ကြီးဌာန

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

နိုင်ငံတော် ပြည်သူ့အိုးအိမ်
ပြန်လည် ထူထောင်ရေး နှင့်
မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ
(၁၉၅၁ ခုနှစ်)

# ၁၉၅၁ ခုနှစ် နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့

# အက်ဥပဒေ [1]

**(၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ အက်ဥပဒေအမှတ် ၆၃)**

## အခန်း ၁ ။

## အချီး

၁။ အမည်စတင် အာဏာ ။ (က) ဤအက်ဥပဒေကို ၊ **၁၉၅၁ ခုနှစ် ၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ**ဟု ခေါ်ရမည်။

တည်သည့်နေ့ (ခ) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်နေ့တွင် အာဏာတည်ရမည်။

၂။ ။ ဤအက်ဥပဒေတွင် ၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် –

အဓိပ္ပါယ်ဖော်ပြချက် (က) **"အဖွဲ့"** ဆိုသည်မှာ ၊ ဤအက်ဥဒေအရ ဖွဲ့စည်းထားသည့် နိုင်ငံတော်ပြည်သူ့အိုးအိမ်အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ကို ဆိုလိုသည်။

(ခ) **"ကော်မတီ"** ဆိုသည်မှာ ပုဒ်မ ၁၂ အရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုလိုသည်။

(ဂ) **"အုပ်ချုပ်ရေးမှူး"** ဆိုသည်မှာ ၊ အဖွဲ့၏အုပ်ချုပ်ရေးမှူးကို ဆိုလိုသည်။

## အခန်း ၂ ။

## အဖွဲ့ ဖွဲ့စည်းပုံ

၃။ ။ (၁) ဤအက်ဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှါ ၊ နိုင်ငံတော်ပြည်သူ့

အဖွဲ့ဖွဲ့စည်းပုံ အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ဟူသောအမည်ဖြင့်၊ အဖွဲ့တစ်ခုကို ဖွဲ့စည်းရမည်။

---

[1] ၁၉၅၂ ခုနှစ် ၊ အောက်တိုဘာလ (၁၁) ရက်နေ့ (၁၃၁၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၊ ၈ ရက်) ရက်နေ့စွဲပါ မြန်မာနိုင်ငံပြန်တမ်း အပိုင်း (၁) ၊ စာမျက်နှာ (၉၃၇) တွင် ထုတ်ပြန်ကြေညာသည်။

(၂) အဖွဲ့သည် ၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ အဖွဲ့ပိုင်တံဆိပ်တစ်ခုရှိသော တရားဝင်အဖွဲ့ ဖြစ်ရမည့်အပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

၄။ ။ (၁) အဖွဲ့တွင် အောက်ပါအဖွဲ့ဝင် ဆယ်ဦးပါဝင်ရမည်။

အဖွဲ့ဝင်များ

(က) ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ ဥက္ကဋ္ဌ ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးဌာနတာဝန်ခံ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဥက္ကဋ္ဌက အဖွဲ့ဝင်အဖြစ်ခန့်ထားသည့် တပ်မတော်အရာရှိတစ်ဦး။

(ဂ) ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာ ဒုတိယဥက္ကဋ္ဌ စည်ပင်ရေးဌာနအတွင်းဝန်။

(ဃ) နိုင်ငံတော်မြေယာနှင့်ကျေးလက်စည်ပင်ရေးဆိုင်ရာ အဖွဲ့ဝင် ဘဏ္ဍာရေးမင်းကြီး သို့တည်းမဟုတ် ၎င်း၏ကိုယ်စားလှယ်။

(င) ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနမှ ကိုယ်စားလှယ် အဖွဲ့ဝင် တစ်ဦး။

(စ) ရန်ကုန်မြို့တော် မြူနီစီပါယ်ကော်ပိုရေးရှင်း၏ အဖွဲ့ဝင် အုပ်ချုပ်ရေးမှူး။

(ဆ) ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ အဖွဲ့ဝင်များ ဥက္ကဋ္ဌက အဖွဲ့ဝင်အဖြစ်ခန့်ထားသည့် အခြားပုဂ္ဂိုလ်လေးဦး။ [2]

---

[2] (က) ၁၉၅၂ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၆။) (၂၇-၉-၁၉၅၂)ဖြင့်လည်းကောင်း၊

(ခ) ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇၆။) (၂၆-၁၀-၁၉၅၃)ဖြင့်လည်းကောင်း၊

(ဂ) ၁၉၆၂ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၁။) တို့ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံတော်လုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် အခါ အားလျော်စွာ အဖွဲ့ဝင်ဦးရေကို တိုးချဲ့၍ ခန့်နိုင်သည်။[3]

၅။ ။ မည်သူမဆို –

အဖွဲ့ဝင် အရည်အချင်း ပျက်ယွင်းခြင်း

(က) ခြောက်လထက်ပိုသော ထောင်ဒဏ်ခံထိုက်သည့် ပြစ်မှုကျူးလွန်သည်ဟု ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ၊ ယင်းသို့စီရင်ခြင်းကို ဖျက်ပယ်ခြင်း မရှိသည့်အပြင်၊ နိုင်ငံတော်သမ္မတကလည်း ဤပုဒ်မအရ ဖျက်သောအမိန့်ကို ထုတ်ပြန်ခွင့်ရှိသည့်အလျောက် မိမိ သင့်သည်ယူဆသဖြင့် ထိုပုဂ္ဂိုလ်၏ အရည်အချင်းပျက်ယွင်းခြင်းကို ပယ်ဖျက်ခြင်း မပြုလျှင်သော်၎င်း၊

( ခ ) ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် အမှုထမ်းရန် မသင့်တော်ဟု နိုင်ငံတော်သမ္မတက ကျေညာခြင်းခံရသူ၊ သို့တည်းမဟုတ်ပြည်သူ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခံရသူ ဖြစ်လျှင်သော်၎င်း ၊

( ဂ ) လူမွဲအဖြစ် ဆုံးဖြတ်ကျေညာခံရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ ဖြစ်လျှင်သော်၎င်း၊

(ဃ) အဖွဲ့၏ အရာထမ်းအမှုထမ်း ဖြစ်နေလျှင်သော်၎င်း၊

( င ) တိုက်ရိုက်ဖြစ်စေ ၊ သွယ်ဝိုက်၍ဖြစ်စေ မိမိကိုယ်တိုင်သော်၎င်း ၊ မိမိနှင့် ဖက်စပ် လုပ်ငန်းလုပ်သူသော်၎င်း ၊ မိမိ၏ အလုပ်ရှင်သော်၎င်း၊ မိမိ၏ အလုပ်သမား သော်၎င်း ၊ အဖွဲ့နှင့် သို့တည်းမဟုတ် အဖွဲ့ကိုယ်စား ချုပ်ဆိုသော စာချုပ်တွင် ၊ သို့တည်းမဟုတ် အဖွဲ့ နှင့်စပ်လျဉ်းသည့် အလုပ်တွင် အစုပါဝင်လျှင် ၊သို့တည်းမဟုတ် အကျိုးခံစားခွင့်ရှိလျှင်သော်၎င်း၊

( စ ) အဖွဲ့နှင့် သို့တည်းမဟုတ် အဖွဲ့အတွက်ချုပ်ဆိုသော စာချုပ်တွင်ဖြစ်စေ ၊ အဖွဲ့နှင့် စပ်လျဉ်းသည့် အလုပ်တွင်ဖြစ်စေ အစုပါဝင်သည့် ၊ သို့တည်းမဟုတ် အကျိုးခံစားခွင့်ရှိသည့် ကုမ္ပဏီတစ်ခုခု၏ ဒါရိုက်တာ ၊ အတွင်းရေးမှူး ၊ မန်နေဂျာ ၊ သို့တည်းမဟုတ် အခကြေးငွေဖြင့် ခိုင်းစေခံရသူဖြစ်လျှင်သော်၎င်း၊

(ဆ) ပြည်ထောင်စု မြန်မာနိုင်ငံသားမဟုတ်သူ သို့တည်းမဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံသားအဖြစ်မှ ရပ်စဲသူဖြစ်လျှင်သော်၎င်း ၊ ထိုသူကို အဖွဲ့ဝင်အဖြစ်

[3] ၁၉၆၂ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၁။) တို့ဖြင့် အသီးသီးအစားထိုးပြင်ဆင်သည်။

ခန့်ထားခြင်း ၊ သို့တည်းမဟုတ် တည်မြဲစေခြင်းမရှိရ။

**အုပ်ချုပ်ရေးမှူး၏အာဏာနှင့်တာဝန် ဝတ္တရားများ**

၆။ ။ (၁) နိုင်ငံတော်သမ္မတသည် ၊ မိမိသင့်တော်သည် ထင်မြင်သည့် ပုဂ္ဂိုလ်တစ်ဦးအား အဖွဲ့၏ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်ရမည်။ အုပ်ချုပ်ရေးမှူးမှာ အဖွဲ့၏ အစည်းအဝေးတွင်ဝင်ရောက်ပြောဆိုခွင့်ရှိရမည်။ သို့ရာတွင်ဤပြဋ္ဌာန်းချက်ကို အကြောင်းပြု၍ မဲဆန္ဒပေးပိုင်ခွင့်မရှိစေရ။

**အုပ်ချုပ်ရေးမှူး**

(၂) အုပ်ချုပ်ရေးမှူးသည် အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ဤ အက်ဥပဒေနှင့် ဤအက်ဥပဒေအရ ပြုသော နည်းဥပဒေများ ၊ စည်းကမ်း ဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ ၊ အဖွဲ့က မိမိအား လွှဲအပ်သောအာဏာ နှင့် တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

**အုပ်ချုပ်ရေးမှူး၏ လစာ၊ စရိတ်ကြေးငွေနှင့်အမှုထမ်းစည်းကမ်း**

(၃) အုပ်ချုပ်ရေးမှူး၏ လစာ ၊ စရိတ်ကြေးငွေနှင့် အမှုထမ်းစည်းကမ်းများသည်၊ နိုင်ငံတော်သမ္မတက အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍ သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

**အဖွဲ့ဝင်များ ၏ သက်တမ်း**

၇။ ။ ပုဒ်မ ၄ ၊ ပုဒ်မခွဲ(၁) ၊ အပိုဒ်(ဆ) သို့တည်းမဟုတ် ပုဒ်မ ၄ ၊ ပုဒ်မခွဲ (၂) အရ ခန့်ထားခြင်းခံရသော အဖွဲ့ဝင်များအနက်[4] အစိုးရအရာရှိမဟုတ်သော အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်။

**ရှောင်တခင်လစ်လပ်သည့် ရာထူး**

၈။ ။ သေဆုံး၍ဖြစ်စေ၊ ရာထူးမှနုတ်ထွက်၍ဖြစ်စေ၊ ရာထူးမှထုတ်ပယ်ခြင်းခံရ၍ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ ပုဒ်မ ၄ ၊ ပုဒ်မခွဲ (၁) ၊ အပိုဒ် (ဆ) အရ ခန့်ထားခြင်း ခံရသော အဖွဲ့ဝင်များအနက် ၊ အစိုးရအရာရှိမဟုတ်သူ[5] အဖွဲ့ဝင်တစ်ဦးဦး၏ ရာထူး လစ်လပ်သည့်အခါ ၊ ထိုလစ်လပ်သည့်နေရာတွင် နိုင်ငံတော်သမ္မတက အဖွဲ့ဝင်သစ် တစ်ဦးကို ဖြည့်သွင်းခန့်ထားရမည်။ ထိုသို့ ခန့်ထားခြင်းခံရသော အဖွဲ့ဝင်သစ် သည် ၊ မိမိအား ခန့်ထားသည့် နေရာတွင် အမှုထမ်းရွက်ခဲ့သည့် အဖွဲ့ဝင်ဟောင်း၏ ရာထူးသက်တမ်းစေ့ကုန်မည့် အချိန်အထိသာ ရာထူး၌ ထမ်းရွက်ရမည်။

---

[4] ၁၉၆၂ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၁။) ဖြင့် အစားထိုးပြင်ဆင်သည်။

[5] ၁၉၆၂ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၁။) ဖြင့် အစားထိုးပြင်ဆင်သည်။

၉။ ။ အဖွဲ့ဝင်တို့ အားပေးရန် အခကြေးငွေ

ပုဒ်မ ၄ ၊ ပုဒ်မခွဲ (၁) ၊ အပိုဒ် (ဆ) ၊ သို့တည်းမဟုတ် ပုဒ်မ ၄ ၊ ပုဒ်မခွဲ (၂) အရ ခန့်ထားခြင်းခံရသော အဖွဲ့ဝင်များအနက်[6] အစိုးရအရာရှိမဟုတ်သော အဖွဲ့ဝင်များအား၊ နိုင်ငံတော်သမ္မတက သတ်မှတ်သည့် အခ၊ သို့တည်းမဟုတ် စရိတ်ကြေးငွေပေးရမည်။

၁၀။ ။ ဆောင်ရွက်မှုမပျက်ပြယ်ခြင်း

အဖွဲ့၏ စီမံဆောင်ရွက်သည့် မှုခင်းကိစ္စများသည် ၊ အဖွဲ့ဝင်ရာထူးလစ်လပ်သည်ဟူသော အကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်တစ်ဦးဦးခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိသည်ဟူသော အကြောင်းကြောင့်သော်၎င်း မပျက်ပြယ်စေရ။

## အခန်း ၃ ။
## အလုပ်ကိစ္စဆောင်ရွက်ခြင်း

၁၁။ ။ အစည်းအဝေး လိုအပ်သောအဖွဲ့ဝင်ဦးရေနှင့် သဘာပတိ

(၁) အဖွဲ့သည် အလုပ်ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ တစ်လလျှင်အနည်းဆုံး တစ်ကြိမ်အစည်းအဝေးကျင်းပရမည်။

(၂) အစည်းအဝေးသို့ အဖွဲ့ဝင်အနည်းဆုံးလေးဦးတက်ရောက်လျှင် အစည်းအဝေး အထမြောက်ရမည်။

(၃) ဥက္ကဋ္ဌသည်အဖွဲ့၏ အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌ မတက်ရောက်လျှင် ပုဒ်မ ၄ ၊ ပုဒ်မခွဲ ၁ ၊အပိုဒ် (ခ)တွင် ဖော်ပြထားသည့် ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေး သို့ ဥက္ကဋ္ဌနှင့် ထိုဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးမတက်ရောက်လျှင် ၊ ပုဒ်မ ၄ ၊ ပုဒ်မခွဲ ၁ ၊ အပိုဒ် (ဂ) တွင် ဖော်ပြထားသည့် ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးနှင့် ဥက္ကဋ္ဌပါ မတက်ရောက်လျှင် ၊ အစည်းအဝေးသို့ တက်ရောက်သောအဖွဲ့ဝင်များသည် မိမိတို့အထဲမှ တစ်ဦးကို ၊ သဘာပတိအဖြစ် ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။[6]

[6] ၁၉၆၂ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၁။) ဖြင့် အစားထိုးပြင်ဆင်သည်။

(၄) အဖွဲ့အစည်းအဝေး၌ ပေါ်ပေါက်သောကိစ္စအားလုံးကို အစည်းအဝေးသို့ တက်ရောက် မဲပေးသောအဖွဲ့ဝင်များ၏ များရာမဲဖြင့်ဆုံးဖြတ်ရမည်။ မဲအရေအတွက် တူညီနေလျှင်၊ သဘာပတိ၏မဲဖြင့် ဆုံးဖြတ်ရမည်။

(၅) အဖွဲ့သည်သင့်တော်သည်ဟု ထင်မြင်ယူဆလျှင် မိမိ၏ အာဏာနှင့် တာဝန်ဝတ္တရားများကို ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌအား [7] လွှဲအပ်နိုင်သည်။ [8]

၁၂။ ။ ကော်မတီများ ဖွဲ့စည်းခြင်း

(၁) အဖွဲ့သည် ၊ မိမိ၏ တာဝန်ဝတ္တရားကို ဆောင်ရွက်ရန်အလို့ငှာ အဖွဲ့ဝင်တစ်ဦး တစ်ဦးဖြစ်စေ တစ်ဦးထက်ပို၍ဖြစ်စေပါဝင်သော ကော်မတီများကို ယေဘုယျ အားဖြင့်သော်၎င်း ၊ အထူးကိစ္စများအတွက်သော်၎င်း ဖွဲ့စည်းနိုင်သည်။

(၂) ကော်မတီအသီးသီးတွင် အဖွဲ့ဝင်များအပြင် xxxxx[9] နိုင်ငံတော်သမ္မတက ခန့်သော ထပ်ဖြည့်ကော်မတီ အဖွဲ့ဝင်များလည်း ပါဝင်နိုင်သည်။

(၃) ကော်မတီအသီးသီးသည် ၊ အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျှက် ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရပြုသော နည်းဥပဒေများ ၊ စည်းကမ်း ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိအား အဖွဲ့ကလွှဲအပ်သော အာဏာ နှင့်တာဝန်ဝတ္တရားကို သုံးစွဲဆောင်ရွက်ရမည်။

(၄) ကော်မတီအသီးသီးသည် ၊ မိမိဆောင်ရွက်သည့် အမှုကိစ္စအရပ်ရပ်နှင့် စပ်လျဉ်း၍ အဖွဲ့၏ အတည်ပြုချက်ကို ရယူရမည်။

(၅) အစိုးရအရာရှိမဟုတ်သော ထပ်ဖြည့်ကော်မတီအဖွဲ့ဝင်များအား ၊ နိုင်ငံတော် သမ္မတက သတ်မှတ်သည့် အခ သို့တည်းမဟုတ် စရိတ်ကြေးငွေပေးရမည်။

၁၃။ ။ ရန်ကုန် စည်ပင် သာယာရေး အဖွဲ့

ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲ တရား ဥပဒေများတွင်ဖြစ်စေ၊ မည်သို့ပင်ပါရှိစေကာမူ ၁၉၅၁ ခုနှစ် ၊ နိုင်ငံတော်ပြည်သူ့ အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ

[7] ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။) (၇-၁၀-၁၉၅၅) ဖြင့် အစားထိုးပြင်ဆင်သည်။

[8] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[9] ၁၉၆၂ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၁။) ဖြင့် အစားထိုးပြင်ဆင်သည်။

ပျက်ပြယ်ခြင်း

စတင်အာဏာ မတည်မီက ရန်ကုန်စည်ပင်သာယာရေးအဖွဲ့အက်ဥပဒေ ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးအဖွဲ့သည် အဆိုပါ ၁၉၅၄ ခုနှစ် ၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည် ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ပျက်ပြယ်ရမည်။ ထို့ပြင် ထိုစည်ပင်သာယာရေးအဖွဲ့ကဎင်း ၊ ထိုအဖွဲ့၏ဥက္ကဋ္ဌကဎင်း အဆိုပါစည်ပင်သာယာရေးအဖွဲ့အက်ဥပဒေအရ သုံးစွဲဆောင်ရွက်နိုင်မည့် အာဏာနှင့် တာဝန်ဝတ္တရား အားလုံးကို ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ၊ ဤအက်ဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့က သုံးစွဲဆောင်ရွက်နိုင်ရမည်။ ထို့ပြင် ထိုစည်ပင်သာယာရေးအဖွဲ့၏ လက်ရှိပစ္စည်းအားလုံးနှင့် ကြွေးမြီတာဝန်အားလုံးကို အဖွဲ့ကဆက်ခံရမည့်ပြင် ၊ ထိုစည်ပင်သာယာရေးအဖွဲ့ကချုပ်ဆိုခဲ့သော ပဋိညာဉ်အားလုံးကိုလည်း အဖွဲ့က ချုပ်ဆိုသည်ဟု မှတ်ယူရမည်။[10]

## အခန်း ၄ ။

## အဖွဲ့၏ရာထမ်းမှုထမ်းများ

၁၄။ ။ (၁) ဤအက်ဥပဒေပါကိစ္စများ အလို့ငှာထားရန် လိုအပ်သည်ဟု ၊ သို့တည်းမဟုတ် သင့်သည်ဟု အဖွဲ့ကထင်မြင်သော ရာထမ်း ၊ မှုထမ်းစာရင်းများကို အခါအားလျော်စွာ အဖွဲ့ကစီစဉ်ရမည်။

ရာထမ်း မှုထမ်းများ လစာနှင့်စရိတ် ကြေးငွေ နှင့် စည်းကမ်းများ

(၂) ဆိုခဲ့သည့် အရာရှိအသီးသီးအတွက်သော်ဎင်း၊ အမှုထမ်းအသီးသီးအတွက်သော်ဎင်း အဖွဲ့က ခွင့်ပြုသည့် လစာ၊အခနှင့်စရိတ်ကြေးငွေ၏ အမျိုးအစားနှင့် အရေအတွက်ကို ထိုစာရင်းတွင်ဖော်ပြရမည်။

(၃) အဖွဲ့က နောက်ဆုံးခွင့်ပြုသည့် စာရင်းအားလုံးကို ပုဒ်မ ၃၅ အရပြုသည့် နှစ်စဉ်ရသုံးမှန်းခြေ ငွေစာရင်းနှင့်ပူးတွဲ၍ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ရရန် အလို့ငှာတင်ပြရမည်။

[10] ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၉။) ဖြင့် အစားထိုးပြင်ဆင်သည်။

(၄) ရာထမ်း ၊ မှုထမ်းများနှင့်ပတ်သက်သည့် အခြားအမှုထမ်းစည်းကမ်းများကို အဖွဲ့က နိုင်ငံတော်သမ္မတ၏ ကြိုတင်သဘောတူညီချက်ကို ခံယူလျက် စည်းကမ်းဥပဒေဖြင့် ပြဋ္ဌာန်းရမည်။

၁၅။ ။ (၁) ဤအက်ဥပဒေအရပြုသော နည်းဥပဒေများနှင့်ဖြစ်စေ စည်းကမ်းဥပဒေများ နှင့်ဖြစ်စေ မဆန့်ကျင်စေဘဲ ၊ အုပ်ချုပ်ရေးမှူးမှာ လစာနှုန်း ကျပ် ၃၃၀ – ၁၅ – ၄၅၀[11] ထက်ပို၍ မရသော အဖွဲ့၏ ရာထမ်း ၊ မှုထမ်းများကို ရာထူး ခန့်ရန် ၊ ခွင့်ရက်ပေးရန် နှင့် ရာထူးမှ ထုတ်ပယ်ရန် အာဏာရှိရမည်။

ရာထူးခန့်ရန်၊ ခွင့်ပေးရန် ရာထူးမှ ထုတ်ပယ်ရန် အာဏာ

(၂) အဖွဲ့မှာ လစာနှုန်း ကျပ် ၃၃၀ – ၁၅ – ၄၅၀[12] ထက်ပို၍ရသော ရာထမ်း မှုထမ်းများကို ရာထူးခန့်ရန် ၊ ခွင့်ရက်ပေးရန် နှင့် ရာထူးမှ ထုတ်ပယ်ရန် အာဏာရှိရမည်။ သို့ရာတွင် အုပ်ချုပ်ရေးမှူး၏ အမိန့်ဖြင့် ရာထူးမှထုတ်ပယ်ခံ ရသူသည် အဖွဲ့သို့ အယူခံဝင်ခွင့်ရှိသည်။ ယင်းသို့ အယူခံဝင်သည့်အခါ အဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်သည် အဆုံးသတ်အတည်ဖြစ်ရမည်။

၁၆။ ။ (၁) အဖွဲ့၏ အခွင့်အမိန့်ကိုရယူလျက် အုပ်ချုပ်ရေးမှူးသည် ဤအက်ဥပဒေအရ ဖြစ်စေ ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများ သို့တည်းမဟုတ် စည်းကမ်းဥပဒေများအရဖြစ်စေ မိမိအားအပ်နှင်းထားသော အာဏာကို သို့တည်းမဟုတ်တာဝန်ဝတ္တရားများကိုအဖွဲ့၏ ရာထမ်း ၊ မှုထမ်းတစ်ဦးဦးအား လွှဲအပ်နိုင်သည်။

တာဝန် ဝတ္တရားကို လွှဲအပ်ခြင်း

(၂) ပုဒ်မခွဲ (၁) အရ အာဏာကို သို့တည်းမဟုတ် တာဝန်ဝတ္တရားကို လွှဲအပ်သည့် အခါ စည်းကမ်းချက်များ သို့တည်းမဟုတ် ကန့်သတ်ချက်များပါရှိလျှင် ထိုစည်းကမ်းချက်များနှင့် သို့တည်းမဟုတ် ကန့်သတ်ချက်များနှင့်အညီ ယင်းသို့လွှဲအပ်ခြင်းခံရသူက သုံးစွဲဆောင်ရွက်ရမည်။ ထို့အပြင် ယင်းသို့

[11] ၁၉၅၆ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၅။) ဖြင့် အစားထိုးပြင်ဆင်သည်။

[12] ၁၉၅၆ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၅။) ဖြင့် အစားထိုးပြင်ဆင်သည်။

လွှဲအပ်ခြင်းခံရသူ၏ လုပ်ကိုင်ဆောင်ရွက်ချက်ကို အုပ်ချုပ်ရေးမှူးက ကြီးကြပ်အုပ်ချုပ်နိုင်ရမည် သို့တည်းမဟုတ် ပြင်ဆင်နိုင်ရမည်။

အဖွဲ့၏ ရာထမ်း မှုထမ်းများဖြစ်ခြင်း

၁၇။ ။ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ အဆိုပါ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၏ ရာထမ်း မှုထမ်းအားလုံးသည် အဖွဲ့၏ ရာထမ်း မှုထမ်းများ ဖြစ်ရမည်။ [13]

## အခန်း(၅)

## အဖွဲ့နှင့်စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏အာဏာများ

နိုင်ငံတော် သမ္မတ၏ အာဏာများ

၁၈။ ။ နိုင်ငံတော်သမ္မတသည် အောက်ပါကိစ္စများအတွက် နည်းဥပဒေများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြုနိုင်သည်-

(က) အဖွဲ့အား အကြံဉာဏ်ပေးရန် အဖွဲ့ကခန့်သော ပုဂ္ဂိုလ်တို့အား ပေးသင့်သည့် အခ သို့တည်းမဟုတ် စရိတ်ကြေးငွေကို သတ်မှတ်ရန်ကိစ္စ။

(ခ) နိုင်ငံတော်သမ္မတက အဖွဲ့သို့ ထုတ်ချေးသည့်ငွေများ ပြန်လည်ပေးဆပ်ရမည့် နည်းလမ်းကို သတ်မှတ်ရန်ကိစ္စ။

(ဂ) အဖွဲ့က ဒုတိယဥက္ကဋ္ဌအားငင်း[14] ၊ အုပ်ချုပ်ရေးမှူးအားငင်း ၊ ကော်မတီများအားငင်း ၊ လွှဲအပ်နိုင်သည့်အာဏာနှင့် တာဝန်ဝတ္တရားများကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဃ) အဖွဲ့ပိုင်ပစ္စည်းများကို ကော်မတီများသို့ လွှဲပြောင်းအပ်နှံခြင်းကိစ္စ။

(င) လွှဲအပ်ထားသည့် တာဝန်ဝတ္တရားများကို ဆောင်ရွက်သည့်အခါ ကော်မတီများ သုံးစွဲနိုင်သည့် အသုံးစရိတ်များကို ကန့်သတ်ရန်ကိစ္စနှင့်ကော်မတီများ၏ နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို အဖွဲ့သို့ အခွင့်အမိန့်ရရန် ကော်မတီများက တင်သွင်းရန် ကိစ္စ။

---

[13] ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၉။) ဖြင့် အစားထိုးပြင်ဆင်သည်။

[14] (က) ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့်

(ခ) ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။) (၇-၁၀-၁၉၅၅)တို့ဖြင့် အသီးသီး အစားထိုးပြင်ဆင်သည်။

(စ) ယေဘုယျအားဖြင့် ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်ကိစ္စ။

၁၉။ မြေသိမ်း ယူနိုင်သည့် အာဏာ ။ (၁) ဤအက်ဥပဒေပါ ကိစ္စများအတွက် မည်သည့်မြေကိုမဆို အဖွဲ့က အလိုရှိ၍ နိုင်ငံတော်သမ္မတထံသိမ်းယူရန်တောင်းဆိုသည့်အခါ နိုင်ငံတော်သမ္မတသည် ပုဒ်မခွဲ (၂) ပါ ပြင်ဆင်ချက်များပါဝင်သည့် မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ပြည်သူ့ကိစ္စအတွက် မြေကိုသိမ်းယူဘိသကဲ့သို့ ထိုမြေကိုသိမ်းယူရန် ဆောင်ရွက်နိုင်သည်။

(၂) ဤအက်ဥပဒေပါ ကိစ္စများအလို့ငှာ မြေကိုသိမ်းယူသောအခါ မြေသိမ်း အက်ဥပဒေသည် အောက်ပါပြင်ဆင်ချက်များ ထည့်သွင်းထားသည့်အတိုင်း အကျိုးသက်ရောက်ရမည် –

(က) အဆိုပါမြေသိမ်းအက်ဥပဒေ ပုဒ်မ ၁၇(၁) အစား အောက်ပါပုဒ်မကို ထည့်သွင်းရမည်။

"၁၇။ (၁)ပုဒ်မ ၁၁ အရ ဆုံးဖြတ်ချက်မချမှတ်သေးသော်လည်း ပုဒ်မ ၉၊ ပုဒ်မခွဲ(၁)တွင် ဖော်ပြထားသည့် နို့တစ်စာကို ထုတ်ပြန်သည့် နေ့နောက် တစ်ဆယ့်ငါးရက်ကုန်ဆုံးသည့်အခါ၊ နိုင်ငံတော် သမ္မတက ဆင့်ဆိုလျှင်၊ ကော်လိတ်တော်အရာရှိသည် အဖွဲ့က အလိုရှိသော မြေကိုသိမ်းယူရန် မိမိအား ယင်းသို့ဆင့်ဆိုသည့် အတိုင်း ထိုမြေကိုသိမ်းယူ၍ အဖွဲ့သို့ချက်ခြင်းလွှဲပြောင်း ပေးရ မည်။ ထိုသို့ လွှဲပြောင်းပေးသောအခါ ထိုမြေသည် ကြွေးမြီ တာဝန်ဟူသမျှကင်းလွတ်သော အဖွဲ့ပိုင်မြေဖြစ်ရမည်။"

(က–၁) အဆိုပါ မြေသိမ်းအက်ဥပဒေပုဒ်မ ၂၃ ၊ ပုဒ်မခွဲ(၁)တွင် "first, the market value of the land at the date of the publication of the notification under section 4, sub–section (i);" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။"[15]

[15] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆–၁၀–၁၉၅၃)ဖြင့် အစားထိုးပြင်ဆင်သည်။

(ခ) အဆိုပါ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၂၃ ၏ ပုဒ်မခွဲ (၂ )ကို ပယ်ဖျက်ရမည် ။

၁၉-က။ ။ (၁) နိုင်ငံတော်သမ္မတသည် မြို့ရွာစည်ပင်ရေးနှင့် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးလုပ်ငန်း တိုးတက်အောင်ဆောင်ရွက်ရန် အလို့ငှာ အဖွဲ့က အလိုရှိသော မည်သည့်မြေကိုမဆို သိမ်းယူရန်ဆောင်ရွက်သည့်အခါ ၊ ထိုမြေပေါ်တွင် အဆောက်အအုံတစ်ခုခုရှိနေလျှင် ထိုအဆောက်အဦကို သိမ်းယူရန် နိုင်ငံတော်သမ္မတ၌ အာဏာရှိရမည်။[16]

သို့ရာတွင် နိုင်ငံတော်သမ္မတက ဤပုဒ်မခွဲအရ မိမိ၏အာဏာကို မသုံးစွဲမီ ထိုအဆောက်အအုံကို သိမ်းယူခြင်းသည်ဆိုခဲ့သည့်အတိုင်း တိုးတက်အောင် ဆောင်ရွက်ရန်အတွက် သို့တည်းမဟုတ် မြို့ရွာစီမံကိန်းအရ တည်ဆောက်ခြင်းနှင့် အသစ်ပြန်လည်တည်ဆောက်ခြင်းများ ပြုလုပ်ရန်အတွက် လိုအပ်သည်ဟု နိုင်ငံတော်သမ္မတက ကျေနပ်ပြီးဖြစ်ရမည်။[17]

(၂) ပုဒ်မ ၁၉ ၊ပုဒ်မခွဲ (၂) တွင်ဖော်ပြထားသော ပြင်ဆင်ချက်များနှင့် မဆန့်ကျင်စေဘဲ ၊ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၂၃ မှတပါး၊ ထိုအက်ဥပဒေပါ အခြားပြဋ္ဌာန်းချက်အားလုံး သည်၊ မြေသိမ်းယူခြင်းနှင့်သက်ဆိုင်သကဲ့သို့ ဤပုဒ်မအရ အဆောက်အအုံတစ်ခုခုကို သိမ်းယူခြင်းနှင့်လည်း သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။[18]

၂၀။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ မည်သည့်အခါမဆိုအဖွဲ့၏ ၊ သို့တည်းမဟုတ် ကော်မတီ၏ အမှုတွဲများမှ ကောက်နုတ်ချက်များကိုဌင်း၊ မှတ်တမ်းများကိုဌင်း၊ ဤအက်ဥပဒေအရစီမံအုပ်ချုပ်မှုဆိုင်ရာစာရင်းများကိုဌင်း၊ မိမိထံတင်သွင်းရန်

**နိုင်ငံတော်သမ္မတက အစီရင်ခံစာတောင်းနိုင်သည့် အာဏာ**

[16] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[17] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃)ဖြင့် အစားထိုးပြင်ဆင်သည်။

[18] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

အဖွဲ့အား တောင်းဆိုနိုင်သည်။ ယင်းသို့တောင်းဆိုသည့်အခါ အဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်သမ္မတသည်၊ အဖွဲ့က ကြီးကြပ်အုပ်ချုပ်ရသောကိစ္စ နှင့်စပ်လျဉ်းသည့် အစီရင်ခံစာရင်း၊ အစီရင်ခံစာ ၊ မှန်းခြေငွေစာရင်း၊ သို့တည်းမဟုတ် အခြားအကြောင်းအရာကို မိမိထံတင်သွင်းရန် အဖွဲ့အား တောင်းဆိုနိုင်သည်။ ယင်းသို့ တောင်းဆိုသည့်အခါ အဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

၂၁။ **နိုင်ငံတော်သမ္မတ က အစီရင်ခံစာအပေါ်တွင် ညွှန်ကြားနိုင်သည့်အာဏာ**

၂၁။ ပုဒ်မ ၂၀ (၂) အရ တင်သွင်းသည့် အစီရင်ခံစာကို သို့တည်းမဟုတ် စာချုပ်စာတမ်းကို ရရှိသည့်အခါ နိုင်ငံတော်သမ္မတက –

(က) အဖွဲ့သည် ဤအက်ဥပဒေအရဆောင်ရွက်ရမည့် တာဝန်ဝတ္တရားကို ဆောင်ရွက်ခြင်းမရှိဟူ၍သော်၎င်း စုံလင်ကျေပွန်အောင် သို့တည်းမဟုတ် ထိရောက်အောင် ဆောင်ရွက်ခြင်းမရှိခြင်းဟူ၍၎င်း၊

(ခ) ထိုတာဝန်ဝတ္တရားကိုဆောင်ရွက်ရန်အလို့ငှာ ကြေးငွေလုံလောက်စွာ စီမံထားရှိခြင်း မရှိဟူ၍သော်၎င်း၊ ယူဆလျှင် နိုင်ငံတော်သမ္မတသည် ၊ အမိန့်စာဖြင့် ထိုအမိန့်စာတွင်သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း၊ မိမိကျေနပ်လောက်အောင် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်သော်၎င်း၊ ကြေးငွေလုံလောက်စွာစီမံထားရှိရန်သော်၎င်း အဖွဲ့အား ညွှန်ကြားနိုင်သည်။ ယင်းသို့ ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၂၂။ **နိုင်ငံတော်သမ္မတ က အလုပ် တစ်ရပ်ရပ်ကို ရပ်စဲစေနိုင်သည့်အာဏာ**

၂၂။ (၁) နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကျိုးနှင့်သက်ဆိုင်သည်ဟု မိမိယူဆသောကိစ္စများနှင့် စပ်လျဉ်း၍ အဖွဲ့၏ တာဝန်ဝတ္တရားများကို မည်သို့ဆောင်ရွက်ရမည်ဟု အဖွဲ့အားဆင့်ဆိုနိုင်သည်။ ထိုသို့ဆင့်ဆိုသည့်အတိုင်း အဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်သမ္မတသည် အဖွဲ့၏ အလုပ်တစ်ခုခုကိုရပ်စဲရန် အဖွဲ့အားဆင့်ဆိုနိုင်သည်။ ထိုသို့ ဆင့်ဆိုသည်အတိုင်း အဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

၂၃။ **နိုင်ငံတော်သမ္မတက**

၂၃။ ဤအက်ဥပဒေဖြင့် အပ်နှင်းထားသောတာဝန်ဝတ္တရားများ သို့တည်းမဟုတ် အလုပ်ကို အဖွဲ့ကဆောင်ရွက်ရန်ပျက်ကွက်သည်ဟူ၍ သော်လည်းကောင်း ၊ အဖွဲ့ကဆောင်ရွက်

အဖွဲ့ကိုဖျက်သိမ်းနိုင်သည့်အာဏာ

ရမည့် အလုပ်များပြီးမြောက်ပြီဟူ၍ သော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက ယူဆလျှင် နိုင်ငံတော်သမ္မတသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အဖွဲ့ကို ဖျက်သိမ်းနိုင်သည်။ ယင်းသို့ ဖျက်သိမ်းသည့်အခါ နိုင်ငံတော်သမ္မတသည်၊ အဖွဲ့၏အလုပ်ကိစ္စအရပ်ရပ်ကို စီမံအုပ်ချုပ်စေရန် အလို့ငှာ၊ မိမိသင့်လျော်သည်ဟု ထင်မြင်သည့် ပုဂ္ဂိုလ်တစ်ဦးကို၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည် ထိုသို့ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်သည် သို့တည်းမဟုတ် ပုဂ္ဂိုလ်များသည် ဤအက်ဥပဒေအရ အဖွဲ့က သုံးစွဲဆောင်ရွက်နိုင်သည့် အာဏာနှင့် တာဝန်ဝတ္တရားကို သုံးစွဲဆောင်ရွက်နိုင်သည်။

**ခြွင်းချက်** ။ ။ သို့ရာတွင် နိုင်ငံတော်သမ္မတသည်၊ ဤပုဒ်မအရ အဖွဲ့ကို ဖျက်သိမ်းပြီးသည့်နောက် မည်သည့်အခါ၌ မဆိုသင့်လျော်သည်ဟုထင်မြင်လျှင် ဤအက်ဥပဒေအရ အဖွဲ့သစ်တစ်ဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

## အခန်း(၆)

## အဖွဲ့၏တာဝန်ဝတ္တရားများ

၂၄။ ။ (၁) အဖွဲ့၏တာဝန်ဝတ္တရားများသည် ၊ နိုင်ငံတော်တွင်း မည်သည့်ဒေသတွင်မဆို နေထိုင်ကြသောပြည်သူများအတွက် သင့်လျော်သော ကျန်းမာရေး ၊ လွယ်ကူမှု အခွင့်လမ်းနှင့်ကောင်းကျိုးခံစားမှုရရှိရေးများကို ရည်ရွယ်၍ မြို့ရွာစည်ပင်ရေး လုပ်ငန်းများနှင့် ပြည်သူ့အိုးအိမ်ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ယေဘုယျအားဖြင့် ကြီးကြပ်အုပ်ချုပ်ခြင်း ၊ စီမံခန့်ခွဲခြင်းနှင့်တိုးတက်အောင် ဆောင်ရွက်ခြင်းတို့ဖြစ်သည့်အပြင် ၊ ဤအက်ဥပဒေအရ အဖွဲ့၏တာဝန်ဝတ္တရားကို နည်းလမ်းတကျ ဆောင်ရွက်ရန် အလို့ငှာ လိုအပ်သော ၊ သို့တည်းမဟုတ် သင့်လျော်သော အခြားလုပ်ငန်းဆောင်တာများကိုလည်း ဆောင်ရွက်ရန်ဖြစ်သည်။

အဖွဲ့၏တာဝန်ဝတ္တရား

(၂) အထက်ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ ၊ အဆိုပါ တာဝန်ဝတ္တရားတွင် အထူးသဖြင့် အောက်ပါတို့လည်းပါဝင်ရမည် -

(က) နိုင်ငံတော်ထူထောင်ရန်အတွက် ခေတ်မီသော အိမ်နှင့်ဈေး[19] ဆောက်ရန်နှင့် ၎င်းတို့ကို ကြည့်ရှုထိန်းသိမ်းစီမံခန့်ခွဲရန်။

(ခ) ခေတ်မီအိမ်ဆောက်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာကို နိုင်ငံတော်ထွက်သဘာဝပစ္စည်း ၊ သို့တည်းမဟုတ် အခြားပစ္စည်းဖြင့် ပြုလုပ်နိုင်စေရန် လိုအပ်သည့် ခေတ်မီစက်ရုံများ တည်ထောင်ရန်။

(ဂ) အဆိုပါစက်ရုံတွင် ပြည်ထောင်စုမြန်မာနိုင်ငံသားများအား ကျွမ်းကျင်သော အလုပ်သမား ဖြစ်မြောက်စေရန် သင်ကြားပေးရန်။

(ဃ) လမ်း ၊ ရေမြောင်း ၊ အဆက်အသွယ်ကို ဆောက်လုပ်ရန် ၊ ပြုပြင်ရန် ၊ ပြောင်းလွဲ ရန်နှင့် ပိတ်ဆို့ရန်။

(င) အိမ် ၊ တံတားနှင့် အခြားအဆောက်အအုံကို ဆောက်လုပ်ရန် ၊ ပြုပြင်ရန်နှင့် ရွှေ့ပြောင်းရန်။

(စ) အိမ်ဆောက်ရန်အတွက် မြေကို အကွက်ရိုက်ရန်။

(ဆ) လမ်းမကြီးအတွက်၎င်း ၊ မြေလပ်ထားရန်အတွက်၎င်း ၊ ဥယျာဉ်အတွက်၎င်း ၊ ပျော်ရွှင်ကွင်းအတွက်၎င်း၊ ကျောင်းအတွက်၎င်း၊ ဈေးအတွက်၎င်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် အခြားကိစ္စအမျိုးမျိုးအတွက်သော်၎င်း ၊ မြေချထားပေးရန် သို့တည်းမဟုတ် မြေရာသီးသန့်ထားရန်။

(ဇ) မိလ္လာပြွန်မြောင်းနှင့် မြေပြင်ပြွန်မြောင်းလုပ်ခြင်း ၊ အညစ်အကြေး စွန့်ပစ်ခြင်းစသည်တို့အတွက် မြေပြုပြင်ရန်နှင့် ရေသွားရေလာ ပြုလုပ်ပေးရန်။

(ဈ) မီးထွန်းရန်။

(ည) ရေပေးရန်။

[19] ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။) (၇-၁၀-၁၉၅၅)ဖြင့် အစားထိုးပြင်ဆင်သည်။

(ဋ) နိုင်ငံတော်သမိုင်းတွင် ထင်ရှား၍ စိတ်ဝင်စားစရာဖြစ်သော၊ သို့တည်း မဟုတ် သဘာဝအားဖြင့် လှပသော အရာဝတ္ထုတို့ကို ထိန်းသိမ်း စောင့်ရှောက်ရန်။

(ဌ) သတ်မှတ်ထားသည့် အရပ်ဒေသများတွင် ၊ အိမ်ပတ်ဝန်းကျင်၌ မြေလပ်ထားရှိရန်နှင့် စပ်လျဉ်း၍၎င်း၊ အဆောက်အအုံများ၏ အရေအတွက် ၊ အမြင့် ၊ ပုံစံစသည်တို့နှင့် စပ်လျဉ်း၍၎င်း ၊ အဆောက် အအုံများ သို့တည်းမဟုတ် မြေရာများကို အသုံးပြုခွင့်ရသည့်ကိစ္စ ၊ အသုံးပြုခွင့်မရသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ၎င်းစည်းကမ်းချက်များ နှင့် ကန့်သတ်ချက်များပြဋ္ဌာန်းရန်။

(ဍ) ဝတ္ထုပစ္စည်း ၊ ယာဉ် ၊ အိမ်ဆောက်ရာတွင်အသုံးပြုသော စက်ကိရိယာ စက်ပစ္စည်းနှင့် အခြားပစ္စည်းကို ဝယ်ယူရန် ၊ ငှားရမ်းရန် ၊ ရောင်းချရန် သို့တည်းမဟုတ် စီမံခန့်ခွဲရန်။

(ဎ) မြေနှင့် အဆောက်အအုံများကို ဝယ်ယူရန် ၊ ငှားရမ်းရန် ၊ ရောင်းချရန် သို့တည်းမဟုတ် စီမံခန့်ခွဲရန်။

(ဏ) ကြည့်ရှုစီစစ်ရန်၊ စမ်းသပ်ရန်နှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်။

(တ) ဤအက်ဥပဒေ၏ ရည်ရွယ်ချက်များနှင့် မဆန့်ကျင်စေဘဲ ၊ နိုင်ငံတော် သမ္မတက ပြဋ္ဌာန်းထားသော အခြားကိစ္စများကို ဆောင်ရွက်ရန်။

(၃) အဖွဲ့သည် ၊ မိမိသင့်တော်သည်ယူဆလျှင် ၊ အစိုးရအတွက်ဖြစ်စေ ၊ ဒေသန္တရ အာဏာပိုင်အဖွဲ့တစ်ခုခုအတွက်ဖြစ်စေ ၊ အလုပ်များကို အခါအားလျော်စွာ ဆောင်ရွက်ပေးနိုင်သည်။

၂၅။ ။ အဖွဲ့သည် ၊ မိမိအစည်းအဝေးအားလုံး၏ လုပ်ငန်းအစီအစဉ်နှင့် မှတ်တမ်းမိတ္တူကို
မှတ်တမ်းမိတ္တူ နိုင်ငံတော်သမ္မတထံပေးပို့ရမည်။

၂၆။ ။ အဖွဲ့သည် အဖွဲ့၏ ဘဏ္ဍာတော်နှစ်ကုန်ဆုံးပြီးနောက် ၊ ဆောလျင်နိုင်သမျှ ဆောလျင်
နှစ်စဉ်အစီရင်ခံစာ စွာ၊ ထိုနှစ်အတွင်း အဖွဲ့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်းနှင့်၎င်း ၊ အဖွဲ့က

လိုက်နာသည့်မူနှင့်ၣင်း၊ လုပ်ငန်းနှင့်ၣင်း စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံ အစီရင်ခံစာ တင်သွင်းရမည်။

**အခန်း ၇ ။**

**အဖွဲ့၏အာဏာ**

၂၇။ အဖွဲ့၏အာဏာ ။ (၁) ဤအက်ဥပဒေဖြင့် အပ်နှင်းထားသော အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ ၊ အဖွဲ့မှာ ဤအက်ဥပဒေအရ အဖွဲ့၏တာဝန်ဝတ္တရားကို ဆောင်ရွက်ရန် အလို့ငှာ လိုအပ်သော သို့တည်းမဟုတ် သင့်တော်သော မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်နိုင်သည့် အာဏာရှိရမည်။ ထို့အပြင် အဆိုပါ အာဏာတွင် အောက်ပါများလည်း ပါဝင်ပါသည် –

(က) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ၊ နိုင်ငံတော် အတွင်း မည်သည့်ဒေသကိုမဆို ၊ တိုးတက်ကောင်းမွန်အောင်ပြုရန် ၊ ချဲ့ထွင်ရန် ၊ သို့တည်းမဟုတ် စည်ပင်သာယာအောင် ပြုရန်အလို့ငှာၣင်း ၊ အခါအားလျော်စွာ မြို့ရွာပြုပြင်ရေး ၊ အိုးအိမ်ထူထောင်ရေးစီမံကိန်း များကို ရေးဆွဲ၍ ထိုစီမံကိန်းများအရဆောင်ရွက်ရန် အလို့ငှာၣင်း ၊ အဖွဲ့သည် မည်သည့်အလုပ်များကိုမဆိုပြု၍ မည်သည့်အသုံးစရိတ်ကို မဆိုကျခံနိုင်သည့်အာဏာ။

(ခ) ဤအက်ဥပဒေအလို့ငှာ ၊ နိုင်ငံတော်တွင်း မည်သည့်ဒေသတွင်မဆို ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းကို အဖွဲ့က ဝယ်ယူခြင်း ၊ လက်ဝယ်ထားရှိခြင်း ၊ ငှားရမ်းခြင်း ၊ ရောင်းချခြင်း ၊ စီမံခန့်ခွဲခြင်းစသည်တို့ကို ပြုနိုင်သည့်အာဏာ။

(ခ–၁) ဝန်ကြီးဌာန ၊ အစိုးရဌာန ၊ အဖွဲ့ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင် တစ်ရပ်ရပ်ထံမှ မြေနှင့် အခြားမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို လွှဲပြောင်းရယူနိုင်၍ ၊ ဝန်ကြီးဌာန ၊ အစိုးရဌာန ၊ အဖွဲ့ သို့တည်းမဟုတ်

ဒေသန္တရအာဏာပိုင် တစ်ရပ်ရပ်သို့ ထိုမြေနှင့် အခြားမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို လွှဲပြောင်းပေးနိုင်သည့်အာဏာ။[20]

(ဂ) ဤအက်ဥပဒေပါ ကိစ္စကို ဆောင်ရွက်ရန်အလို့ငှာ စာချုပ်များချုပ်ဆိုနိုင်သည့်အာဏာနှင့် ထိုစာချုပ်များအတိုင်း ဆောင်ရွက်နိုင်သည့်အာဏာ။

(ဃ) နိုင်ငံတော်သမ္မတ၏ ကြိုတင်သဘောတူညီချက်ဖြင့် ငွေချေးယူရန်နှင့် ငွေထုတ်ချေးရန်အာဏာ။

(င) အဖွဲ့၏ အုပ်ချုပ်ရေးမှူးအား ဤအက်ဥပဒေပါ ကိစ္စများဆောင်ရွက်ရန်အလို့ငှာ ၊ အဖွဲ့ကလိုအပ်သည် ထင်မြင်သည့် အဖွဲ့၏ တာဝန်ဝတ္တရားနှင့် အာဏာကို လွှဲအပ်နိုင်သည့်အာဏာ။

(စ) ကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ အဖွဲ့အား အကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်များကိုခန့်ထား၍နိုင်ငံတော်သမ္မတက ပြဋ္ဌာန်းသည့်အခါ ၊ သို့တည်းမဟုတ် စရိတ်ကြေးငွေပေးနိုင်သည့် အာဏာ။

(ဆ) အဖွဲ့၏ တာဝန်ဝတ္တရားကို ဆောင်ရွက်ရာတွင် ကုန်ကျသောအခ ၊ သို့တည်းမဟုတ် စရိတ်ကြေးငွေပေးနိုင်သည့် အာဏာ။

(၂) X X X X X ။[21]

(၃) ရန်ကုန်စည်ပင်သာယာရေးအဖွဲ့အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤအက်ဥပဒေနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(၄) ပုဒ်မခွဲ (၅) နှင့် (၆) အလို့ငှာ –

(က) “မြူနီစီပါယ်ကော်မီတီ” ဆိုသည်မှာ ၊ မြူနီစီပါယ်အက်ဥပဒေအရ ဖွဲ့စည်းထားသော မြူနီစီပါယ်ကော်မီတီကို ဆိုလိုသည်။

---

[20] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃)ဖြင့် အစားထိုးပြင်ဆင်သည်။

[21](က) ၁၉၅၂ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၆။) (၂၇-၉-၁၉၅၂)ဖြင့် လည်ကောင်း၊

(ခ) ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၉။) တို့ဖြင့် ပယ်ဖျက်ခဲ့သည်။

(ခ) “ကော်ပိုရေးရှင်း”ဆိုသည်မှာ ၊ ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေ အရ ဖွဲ့စည်းထားသော ကော်ပိုရေးရှင်းကို ဆိုလိုသည်။

(၅) မြူနီစီပါယ်အက်ဥပဒေတွင်ဖြစ်စေ၊ ရန်ကုန်မြို့တော်မြူနီစီပါယ်အက်ဥပဒေ တွင်ဖြစ်စေ ၊ အခြားတည်ဆဲတရားဥပဒေများတွင်ဖြစ်စေ မည်သို့ပင်ပါရှိ စေကာမူ ၊အဖွဲ့သည် –

(က) မိမိသီးခြားသတ်မှတ်သည့် အဆောက်အအုံများ ၊ ရေတွင်းရေကန်များ ၊ တဲများ ၊ တင်းကုပ်များနှင့် စပ်လျဉ်း၍ မြူနီစီပါယ်ကော်မီတီအား မြူနီစီပါယ်အက်ဥပဒေပုဒ်မ ၁၁၅ ၊ ၁၁၈ ၊ ၁၁၉ ၊ ၁၂၀ သို့တည်းမဟုတ် ၁၂၁ အရ ဖြစ်စေ ၊ ထိုပုဒ်မတစ်ခုခုနှင့် သက်ဆိုင်သည့် နည်းဥပဒေ ၊ သို့တည်းမဟုတ် ၊ စည်းကမ်းဥပဒေအရဖြစ်စေ အပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ္တရားကို မိမိသတ်မှတ်သည့် အချိန်ကာလ အတွင်း သုံးစွဲဆောင်ရွက်ရန် မြူနီစီပါယ်ကော်မီတီအား ညွှန်ကြား နိုင်သည်။

ထို့ပြင်

(ခ) မိမိသီးခြားသတ်မှတ်သည့် အဆောက်အအုံများ၊ တဲများ ၊တင်းကုပ်များ နှင့်စပ်လျဉ်း၍ ကော်ပိုရေးရှင်းအား ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၁၅၃ ၊ ၁၅၅ ၊ ၁၅၆ ၊ ၁၅၇ ၊ ၁၅၉ ၊ ၁၆၃ ၊ ၁၇၀ သို့တည်းမဟုတ် ၁၈၂ အရဖြစ်စေ၊ ထိုပုဒ်မတစ်ခုခုနှင့် သက်ဆိုင်သည့် နည်းဥပဒေ သို့တည်းမဟုတ် စည်းကမ်းဥပဒေအရဖြစ်စေ အပ်နှင်း ထားသော အာဏာနှင့်တာဝန်ဝတ္တရားကို မိမိသတ်မှတ်သည့် အချိန်ကာလအတွင်း သုံးစွဲဆောင်ရွက်ရန် ကော်ပိုရေးရှင်းအား ညွှန်ကြားနိုင်သည်။

(၆) ပုဒ်မခွဲ (၅) အရ ၊ အဖွဲ့ကညွှန်ကြားသည့်အတိုင်း ၊ မြူနီစီပါယ်ကော်မီတီက ဖြစ်စေ ၊ ကော်ပိုရေးရှင်းကဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင် ၊ အဖွဲ့သည် မိမိကိုယ်တိုင် နည်းလမ်းတကျဖွဲ့စည်း ထားသော မြူနီစီပါယ်ကော်မီတီ ၊

သို့တည်းမဟုတ် ကော်ပိုရေးရှင်း ဖြစ်ဘိသကဲ့သို့ ၊ ပုဒ်မခွဲ (၅) ၊ အပိုဒ် (က) နှင့် (ခ)တွင် သီးခြားဖော်ပြထားသည့် အက်ဥပဒေပုဒ်မများတွင်၎င်း ၊ ထိုပုဒ်မများနှင့်သက်ဆိုင်သည့် နည်းဥပဒေများ ၊ စည်းကမ်းဥပဒေများတွင်၎င်း ပါရှိသည့် အာဏာနှင့် တာဝန်ဝတ္တရားကို သုံးစွဲဆောင်ရွက်နိုင်ရမည်။

(၇) အဖွဲ့သည် ၊ မြူနီစီပါယ်ကော်မီတီအား သို့တည်းမဟုတ် ကော်ပိုရေးရှင်းအား အခွင့်မရဘဲဆောက်ထားသော အဆောက်အအုံကို ၊ သို့တည်းမဟုတ် အဆောက်အအုံများကို ဖယ်ရှားရန်နို့တစ်စာဖြင့် ညွှန်ကြားသောအခါ အဖွဲ့သည် ထိုနို့တစ်စာမိတ္တူများကို ထိုအဆောက်အအုံ၌ သို့တည်းမဟုတ် အဆောက်အအုံများ၌ နေသူတို့ထံပေးပို့ရမည်။ အဆိုပါနို့တစ်စာကို စာပို့တိုက်မှ ရီဇစ္စတြီပြုလုပ်၍ ထိုသူတို့ထံပေးပို့နိုင်သည်။ သို့တည်းမဟုတ် ထိုအဆောက်အအုံများ၏ ပြင်ဘက်တွင် ကပ်ထားနိုင်သည်။ မြူနီစီပါယ် ကော်မီတီက သို့တည်းမဟုတ် ကော်ပိုရေးရှင်းက အဖွဲ့၏ညွှန်ကြားချက်အတိုင်း လိုက်နာရန်ပျက်ကွက်လျှင် ၊ ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေတွင်သော်၎င်း၊ မြူနီစီပါယ်အက်ဥပဒေတွင်သော်၎င်း ၊ ဤပုဒ်မတွင်သော်၎င်း မည်သို့ပင်ပါရှိစေကာမူ အဖွဲ့သည် နောက်ထပ် နို့တစ်စာမချအပ်ဘဲ ၊ သို့တည်းမဟုတ် စစ်ဆေးမေးမြန်းခြင်းမပြုဘဲ အဆိုပါ အဆောက်အအုံများကို ဖြိုဖျက်နိုင်သည်။ ယင်းသို့ ဖြိုဖျက်သည့်အခါ ထိုအဆောက်အအုံများတည်ရာမြေပေါ်ရှိ ပစ္စည်းတခုခုကို ဖယ်ရှားရန်၎င်း ၊ ထိုမြေပေါ်တွင် နေသူတဦးဦးထံမှ မြေကို လက်ရှိရယူရန်၎င်း ၊ ထိုမြေကွက်လပ်ကို မြေပိုင်ရှင်သို့ လွှဲပြောင်းပေးရန်၎င်း အဖွဲ့၌ အာဏာရှိရမည်။ [22]

၂၇-က။ ။ (၁) ဤအက်ဥပဒေအရ အဖွဲ့ကတောင်းခံရန် ကျန်ရှိသော အခွန်အခ ၊ သို့တည်းမဟုတ် အခြားမပြေကျန်ငွေများကို မြေခွန်တော်မပြေကျန်ငွေကဲ့သို့ အရတောင်းဆိုနိုင်သည်။ [23]

---

[22] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[23] ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။) (၇-၁၀-၁၉၅၅) ဖြင့် အစားထိုးပြင်ဆင်သည်။

(၂) နိုင်ငံတော်သမ္မတသည် ထိုမပြေကျန်ငွေများကို မည်သည့်အရာရှိ၏ လျှောက်လွှာအရရင်း ၊ အမိန့်ရရင်း ၊ တောင်းဆိုနိုင်ရမည်ဟု အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။ [24]

(၃) အဖွဲ့သည် နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူပြီးနောက် အဆိုပါ အခွန်အခ သို့တည်းမဟုတ် ကျန်ငွေကိုဖြစ်စေ ၊ ၎င်းကို ကောက်ခံရာ၌ ကုန်ကျသည့် စရိတ်ငွေကိုဖြစ်စေ ၊ သင့်တော်သည်ဟု ထင်မြင်ယူဆလျှင် ၊ လျှော့ပေါ့နိုင်ပြီး သို့တည်းမဟုတ် လျှော်ပစ်နိုင်သည်။ [25]

၂၈။ ။ (၁) ရန်ကုန်မြို့တွင် ရန်ကုန်မြို့တော်မြူနီစီပါယ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ၎င်း ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြားအရပ်ဒေသများတွင် မြူနီစီပါယ် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်၎င်း ၊ ထိုအက်ဥပဒေများအရပြုသည့် နည်းဥပဒေများနှင့် သို့တည်းမဟုတ် စည်းကမ်းဥပဒေများနှင့်၎င်း ၊ မဆန့်ကျင်စေဘဲ အဖွဲ့သည် အများသိစေရန်ကြော်ငြာစာထုတ်ပြန်၍ ထိုကြော်ငြာစာတွင် သတ်မှတ်ဖော်ပြထားသည့်လမ်း၌ သို့တည်းမဟုတ် မြို့၏ တစ်စိတ်တစ်ဒေသ၌ရှိသော မြေကွက်လပ်ပိုင်ရှင်အသီးသီးသည် မိမိ၏မြေပေါ်တွင် မည်သည့် အမျိုးအစားဖြစ်၍ အနည်းဆုံးအထပ်ပေါင်း မည်ရွေ့မည်မျှရှိရမည်ဟု သတ်မှတ်ထားသည့် အဆောက်အအုံတစ်ခုခုကို သို့တည်းမဟုတ် အဆောက်အအုံများကို ဆောက်ရမည်ဟု ကြေငြာနိုင်သည်။ [26]

အဖွဲ့၏ထပ်ဆင့်အာဏာ

(၂) ယင်းသို့ ကြေငြာသည့်အခါ အဆိုပါ မြေကွက်လပ်ပိုင်ရှင်တိုင်းသည် ထိုကြော်ငြာစာနှင့်အညီ ၊ ထို့အပြင် ရန်ကုန်မြို့တော်မြူနီစီပါယ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်၎င်း၊ မြူနီစီပါယ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်၎င်း

[24] ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။) (၇-၁၀-၁၉၅၅) ဖြင့် အစားထိုးပြင်ဆင်သည်။

[25] ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။) (၇-၁၀-၁၉၅၅) ဖြင့် အစားထိုးပြင်ဆင်သည်။

[26] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

ထိုအက်ဥပဒေများအရပြုသည့် နည်းဥပဒေများနှင့် သို့တည်းမဟုတ် စည်းကမ်းဥပဒေများနှင့်၎င်း၊ မဆန့်ကျင်စေဘဲ မိမိ၏မြေကွက်လပ်ပေါ်တွင် အဆောက်အအုံကို သို့တည်းမဟုတ် အဆောက်အအုံများကို အဖွဲ့က သတ်မှတ်သည့်အချိန်အတွင်း ပျက်ကွက်ခြင်းမရှိဘဲ ပြီးစီးအောင်ဆောက်ရမည်။ [27]

သို့ရာတွင် အဖွဲ့သည် လုံလောက်သည်ဟု မိမိယူဆသော အကြောင်းရှိလျှင် ဤပုဒ်မအရ သတ်မှတ်သည့်ကာလအပိုင်းအခြားကို ယေဘုယျအားဖြင့်သော်၎င်း သီးခြားမြေကွက်တစ်ခုခုနှင့်စပ်လျဉ်း၍သော်၎င်း တိုး၍ပေးနိုင်သည်။ [28]

(၃) အဆိုပါ မြေကွက်ပိုင်ရှင်တစ်ဦးသည် ပုဒ်မခွဲ(၂)အရ ကန့်သတ်သည့် သို့တည်းမဟုတ် တိုးချဲ့ပေးသည့်အချိန်အတွင်း အဆောက်အအုံကို သို့တည်းမဟုတ် အဆောက်အအုံများကို ပြီးစီးအောင်ဆောက်ရန်ပျက်ကွက်လျှင် ၊ အဖွဲ့သည် ထိုအကြောင်းကို နိုင်ငံတော်သမ္မတထံ အစီရင်ခံရမည်။

(၄) နိုင်ငံတော်သမ္မတသည် ထိုအစီရင်ခံစာကို ရသည့်အခါ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ထိုမြေကွက်ကိုင်၎င်း ၊ ထိုမြေကွက်နှင့်တကွ ထိုမြေကွက်ရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းအားလုံးကို၎င်း ၊ ပုဒ်မ ၂၈-က[29] ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၊ လျော်ကြေးပေး၍ နိုင်ငံပိုင်ပြုနိုင်ရမည်။ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်အခါ ထိုမြေကွက်သည် ၎င်း၊ ထိုမြေကွက်နှင့်တကွ ထိုမြေကွက်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအားလုံးသည်၎င်း၊

---

[27] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[28] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[29] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

ထိုအမိန့်ကြော်ငြာစာသတ်မှတ်သည့်နေ့၌ ကြွေးမြီတာဝန်အားလုံးကင်းလျက် နိုင်ငံပိုင်ဖြစ်လာရမည်။

၂၈-က။ ။ ဤအက်ဥပဒေ အခြားနေရာများတွင်ဖြစ်စေ ၊ အခြားတည်ဆဲတရားဥပဒေ တစ်ခုခုတွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ ၊ ပုဒ်မ ၁၉ အရ သို့တည်းမဟုတ် ပုဒ်မ ၁၉-က အရ သို့တည်းမဟုတ် ပုဒ်မ ၂၈ (၄) အရ ၊ သိမ်းယူသည့် မြေနှင့် အခြားမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လျော်ကြေးကို အောက်ပါအတိုင်း ပေးရမည်။ [30]

(က) အိ(စ်)အိန္ဒိယကုမ္ပဏီ (East India Company)ထံမှ ဖြစ်စေ ၊ ထိုစဉ်အခါက မြန်မာနိုင်ငံတော်အစိုးရထံမှဖြစ်စေ ၊ ဂရန်စာချုပ်ဖြင့် သို့တည်းမဟုတ် အငှားစာချုပ်ဖြင့်ရယူ၍ ပဌမဂရန်ရသူက သို့တည်းမဟုတ် ပဌမအငှားရသူက သို့တည်းမဟုတ် (မြေကိုဝယ်ယူ၍ မဟုတ်ဘဲ အမွေဆက်ခံ၍ ရရှိသည့်) ထိုသူ၏ အမွေစားအမွေခံများက လက်ရှိထားဆဲဖြစ်သည့်မြေအတွက် - [31] မူလဂရန်စာချုပ်ကို သို့တည်းမဟုတ် မူလအငှားစာချုပ်ကို ပြုလုပ်စဉ်က ပဌမဂရန်ရသူက သို့တည်းမဟုတ် ပဌမအငှားရသူက ထိုမြေနှင့်စပ်လျဉ်း၍ ပေးရသည့် မူလစပေါ်ငွေ (Premium) ရှိပါက ထိုစပေါ်ငွေ။ [32]

( ခ) ၁၉၄၈ ခုနှစ် ၊ ဇန်နဝါရီလ(၄)ရက်နေ့ မတိုင်မီက ဝယ်ယူသောမြေဖြစ်လျှင် - [33]

(កက) ထိုမြေအတွက် ထိုမြေ၏ကာလတန်ဖိုးငွေ သို့တည်းမဟုတ် လက်ရှိ ပိုင်ရှင်ကပေးရသည့်တန်ဖိုးငွေ၊ (ထိုငွေ)နှစ်ရပ်အနက်နည်းရာငွေ။ [34]

---

[30] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[31] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[32] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[33] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[34] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

( ခ ခ)  မြေကိုသိမ်းယူရာတွင် ထိုမြေပေါ်ရှိ အဆောက်အအုံအတွက် –[35]

(ကာကာ)  လက်ရှိပိုင်ရှင်ကဆောက်လုပ်သည့် အဆောက်အအုံဖြစ်လျှင် ထိုအဆောက်အအုံကို ဆောက်လုပ်စဉ်က ကုန်ကျသောစရိတ်ငွေမှဆောက်လုပ်ပြီးသည့် နှစ်ကစ၍ တစ်နှစ်လျှင် ၂ ၁/၂ ရာခိုင်နှုန်းကျ တွက်ချက်၍ရသော တန်ဖိုးလျော့တွက်ငွေကိုနှုတ်ပြီး ကျန်ငွေ။ [36]

(ခါခါ)  လက်ရှိပိုင်ရှင်က ဝယ်ယူသည့်အဆောက်အအုံဖြစ်လျှင် ဝယ်ယူစဉ်ကပေးရသည့်တန်ဖိုးငွေမှ တစ်နှစ်လျှင် ၂ ၁/၂ ရာခိုင်နှုန်းကျ တွက်ချက်၍ရသော တန်ဖိုးလျော့တွက်ငွေကိုနှုတ်ပြီးကျန်ငွေ။ [37]

သို့ရာတွင် ပိုင်ရှင်ကိုယ်တိုင်က အိမ်အကျယ်အဝန်း၏ အနည်းဆုံး ၅၀ရာခိုင်နှုန်း လက်ရှိထားသော အဆောက် အအုံအတွက်သော်၎င်း ၊ သာသနာရေး ၊ ကုသိုလ်ရေး ၊ သို့တည်းမဟုတ် ပညာရေး ၊ အဖွဲ့အစည်းပိုင်ဆိုင်သော အဆောက်အအုံတစ်ခုခုအတွက်သော်၎င်းဖြစ်လျှင် ကာလတန်ဖိုးငွေကို ပေးရမည်။ [38]

( ဂ)  ၁၉၄၈ ခုနှစ် ၊ ဇန်နဝါရီလ (၄) ရက်နေ့ နောက်မှဝယ်ယူသော မြေဖြစ်လျှင် –[39]

---

[35] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[36] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[37] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[38] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[39] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

(ကက) ထိုမြေအတွက် ထိုမြေ၏ကာလတန်ဖိုးငွေ သို့တည်းမဟုတ် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်းပေါက်ဈေးငွေ သို့တည်းမဟုတ် လက်ရှိပိုင်ရှင်က ပေးရသည့်တန်ဖိုးငွေ (ထိုငွေ) သုံးရပ်အနက် အနည်းဆုံးငွေ။ [40]

( ခခ ) မြေကိုသိမ်းယူရာတွင် ထိုမြေပေါ်ရှိ အဆောက်အအုံအတွက် –

(ကာကာ) လက်ရှိပိုင်ရှင်က ဆောက်လုပ်သည့် အဆောက်အအုံ ဖြစ်လျှင် ထိုအဆောက်အအုံကို ဆောက်လုပ်စဉ်က ကုန်ကျသောစရိတ်ငွေမှဆောက်လုပ်ပြီးသည့်နှစ်ကစ၍ တစ်နှစ်လျှင် ၂ ၁/၂ ရာခိုင်နှုန်းကျတွက်ချက်၍ ရသော တန်ဖိုးလျော့တွက်ငွေကို နှုတ်ပြီးကျန်ငွေ။ [41]

(ခါခါ) လက်ရှိပိုင်ရှင်က ဝယ်ယူသည့် အဆောက်အအုံဖြစ်လျှင် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပေါက်ဈေးငွေမှ ဝယ်ယူသည့်နှစ်ကစ၍ တစ်နှစ်လျှင် ၂ ၁/၂ရာခိုင်နှုန်းကျ တွက်ချက်၍ရသောတန်ဖိုးလျော့တွက်ငွေကို နှုတ်ပြီး ကျန်ငွေ။[42]

သို့ရာတွင် ပိုင်ရှင်ကိုယ်တိုင်က အိမ်အကျယ်အဝန်း၏ အနည်းဆုံး ၅၀ရာခိုင်နှုန်း လက်ရှိထားသော အဆောက် အအုံအတွက်သော်၎င်း၊ သာသနာရေး၊ ကုသိုလ်ရေး၊ သို့တည်းမဟုတ် ပညာရေး၊ အဖွဲ့အစည်း ပိုင်ဆိုင်သော

---

[40] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[41] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[42] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

အဆောက်အအုံ တစ်ခုခုအတွက်သော်၎င်း ဖြစ်လျှင် ကာလတန်ဖိုးငွေကို ပေးရမည်။ [43]

(ဃ) ကြွေးမြီအတွက်လက်ရှိပိုင်ရှင်က ရယူထားသည့် မြေ၊ သို့ တည်းမဟုတ် အဆောက်အအုံအတွက်–

ပစ္စည်းလွှဲပြောင်းသည့်စာချုပ်တွင် ဖော်ပြထားသည့် အဖိုးစားနားငွေ၊ သို့တည်းမဟုတ် ထိုစာချုပ်ချုပ်ဆိုသည့်နေ့ ကာလတန်ဖိုးငွေ (ထိုငွေ) နှစ်ရပ်အနက် နည်းရာငွေ။ [44]

၂၉။ ။ အဖွဲ့သည်၊ မိမိ၏တာဝန်ဝတ္တရားကိုဆောင်ရွက်ရန်အလို့ငှာ၊ ဤအက်ဥပဒေနှင့်ဖြစ်စေ ပုဒ်မ(၁၈)အရပြုသည့် နည်းဥပဒေများနှင့်ဖြစ်စေမဆန့်ကျင်စေဘဲ စည်းကမ်းဥပဒေများပြုနိုင်သည်။ ထို့ပြင်အဆိုပါအာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ထိုစည်းကမ်းဥပဒေများသည် အထူးသဖြင့်အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည် –

စည်းကမ်းဥပဒေများ

(က) အဖွဲ့၏ ရာထမ်းမှုထမ်းများ၏ တာဝန်ဝတ္တရားနှင့် အာဏာ။

(ခ) အဖွဲ့က မိမိ၏အာဏာကို၊ သို့တည်းမဟုတ် တာဝန်ဝတ္တရားကို ဥက္ကဋ္ဌအား သို့တည်းမဟုတ် ဒုတိယ ဥက္ကဋ္ဌအား၊ သို့တည်းမဟုတ်[45] အုပ်ချုပ်ရေးမှူးအား၊ သို့တည်းမဟုတ် ကော်မတီများအား အပ်နှင်းခြင်း။

(ဂ) အဖွဲ့ကိုယ်စား ပဋိညာဉ်များနှင့် အခြားစာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း။

(ဃ) ယေဘုယျအားဖြင့် အဖွဲ့အားအပ်နှင်းထားသော တာဝန်ဝတ္တရားကို ထိရောက်စွာဆောင်ရွက်ခြင်း။

---

[43] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[44] ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

[45] (က) ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။) (၂၆-၁၀-၁၉၅၃) ဖြင့် အစားထိုးပြင်ဆင်သည်။

(ခ) ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။) (၇-၁၀-၁၉၅၅) ဖြင့် အစားထိုးပြင်ဆင်သည်။

## အခန်း ၈ ။

## ငွေရေးကြေးရေးနှင့် ငွေစာရင်းများ

၃၀။ ရန်ပုံငွေ ။ အဖွဲ့သည် နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့ ရန်ပုံငွေဟုခေါ်တွင်သည့် ရန်ပုံငွေ တစ်ခုထားရှိ၍ အောက်ပါငွေကို ထိုရန်ပုံငွေ၌ ထည့်သွင်းရမည် –

(က) ဤအက်ဥပဒေအရ အဖွဲ့ကရရှိသောငွေ။

(ခ) မိမိ၏ အာဏာနှင့်တာဝန်ဝတ္တရားများကို အဖွဲ့က သုံးစွဲဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတထံမှ ရရှိသောငွေ။

၃၁။ အဖွဲ့သို့ ငွေထုတ်ပေးခြင်း ။ ဤအက်ဥပဒေအရ အပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ္တရားများကို အဖွဲ့က သုံးစွဲဆောင်ရွက်နိုင်ရန် အလို့ငှာ၊ နိုင်ငံတော်သမ္မတသည် မိမိသင့်သည်ထင်မြင်သည့် ငွေကို၊ မိမိသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် အခွန်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ ၊ မတည်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ အဖွဲ့သို့ ထုတ်ပေးနိုင်သည်။

၃၂။ ပစ္စည်းလွှဲပြောင်းပေးခြင်း ။ (၁) ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲတရားဥပဒေများတွင်ဖြစ်စေ ၊ မည်သို့ပင်ပါရှိစေကာမူ ဤအက်ဥပဒေအရ အဖွဲ့ဖွဲ့စည်းသောအခါ ၊ ယင်းသို့ဖွဲ့စည်းသောနေ့မှစ၍ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေသည်၎င်း ထိုအဖွဲ့ပိုင်ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအရပ်ရပ်နှင့် ကြွေးမြီအားလုံးသည်၎င်း၊ ဤအက်ဥပဒေအရဖွဲ့စည်းသော အဖွဲ့လက်သို့ရောက်၍ အဖွဲ့ပိုင်ဖြစ်လာရမည်။

X X X X X ။ [46]

(၂) ဤအက်ဥပဒေ စတင်အာဏာတည်ပြီးသည့်နောက်၊ နိုင်ငံတော်သမ္မတသည် အမိန့်ကြော်ငြာစာဖြင့် အစိုးရပိုင် အခြားမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို

---

[46] ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၉။) ဖြင့် ပယ်ဖျက်ခဲ့သည်။

အဖွဲ့အားပေးအပ်နိုင်သည်။ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ထိုပစ္စည်းသည် အဖွဲ့ ပိုင်ဖြစ်ရမည်။

၃၃။ ။ (၁) အဖွဲ့သည်၊ ချက်ခြင်းအသုံးမလိုသည့် မိမိ၏ငွေအားလုံးကို နိုင်ငံတော်အစိုးရ ဘဏ္ဍာတော်ငွေထားရှိသော ဘဏ်တွင် သို့တည်းမဟုတ် ဘဏ်များတွင် ထားရမည်။

ဘဏ်တွင်ငွေအပ်ခြင်း

(၂) အဖွဲ့၏ ရန်ပုံငွေကို အဖွဲ့ကပြုသည့် စည်းကမ်းဥပဒေများအရ ထုတ်ယူသုံးစွဲရမည်။

၃၄။ ။ အောက်ပါကိစ္စများအတွက် အဖွဲ့၏ရန်ပုံငွေကို အဖွဲ့က သုံးစွဲရမည် -

ငွေသုံးစွဲခြင်း

(က) အဖွဲ့သို့ နိုင်ငံတော်သမ္မတက ထုတ်ချေးထားသော ငွေနှင့်စပ်လျဉ်း၍ အရင်းကို သို့တည်းမဟုတ် အတိုးကိုပေးဆပ်ခြင်း ။

( ခ) အဖွဲ့၏ အရာထမ်း ၊ အမှုထမ်းတို့၏ လစာစရိတ်၊ အိုနာစာရန်ပုံငွေ စသည်တို့ ပါဝင်သည့် အဖွဲ့၏ ရုံးစရိတ် ကျခံခြင်း။

( ဂ) ဤအက်ဥပဒေပါ ကိစ္စများကိုဆောင်ရွက်ရန်အလို့ငှာ လိုအပ်သောအသုံးစရိတ်ကို ကျခံခြင်း။

၃၅။ ။ (၁) အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ်မကုန်ဆုံးမီ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ ရသုံးမှန်းခြေငွေစာရင်းကို နိုင်ငံတော်သမ္မတထံ သဘောတူညီချက်ရရန်တင်သွင်းရမည့် အပြင် ၊ အဆိုပါ မှန်းခြေငွေစာရင်းကိုပြင်သည့် နောက်ထပ် မှန်းခြေငွေစာရင်းကိုလည်း အခါအားလျော်စွာ ထိုနည်းအတူ တင်သွင်းရမည်။

ရသုံးမှန်းခြေငွေစာရင်း

(၂) ပုဒ်မခွဲ (၁) အရ ခွင့်ပြုသည့် မှန်းခြေငွေစာရင်းထက်ပို၍ မည်သည့် အသုံးစရိတ်ကိုမျှ အဖွဲ့က ကျခံခြင်း မပြုရ။

(၃) အထက်ပါ ပြဋ္ဌာန်းချက်များအရ ခွင့်ပြုထားလျက် မသုံးစွဲရသေးသော ငွေဖြင့် ၊သို့တည်းမဟုတ် ထိုငွေ၏ အချို့အဝက်ဖြင့်ဆိုခဲ့သည့် မှန်းခြေငွေစာရင်းအရ ခွင့်ပြုထားသည့် အခြားအသုံးစရိတ်တစ်ခုခုအတွက် ခွင့်ပြုထားသည့် ငွေထက်ပို၍သုံးစွဲပြီးသောငွေကို နိုင်ငံတော်သမ္မတက ဤကိစ္စအတွက်ပေးသည့်

ညွှန်ကြားချက်နှင့် မဆန့်ကျင်စေဘဲ အဖွဲ့ကထေ၍ လွှဲပြောင်းသုံးစွဲနိုင်သည်။

၃၆။ ။ (၁) အဖွဲ့သည် နိုင်ငံတော်သမ္မတက ဆင့်ဆိုသည့်ကာလအပိုင်းအခြားများအတွက် စာရင်းများကို စစ်ဆေး အဖွဲ့၏ ငွေစာရင်းရှင်းတမ်းအပြင်အခြားရှင်းတမ်းနှင့် အစီရင်ခံစာများကို ခြင်းနှင့် စာရင်းစစ်ချက် နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။ [47]

**အစီရင်ခံစာ**

(၂) အဖွဲ့သည် မိမိ၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့်သက်ဆိုင်သော ငွေစာရင်းများကို နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံ နည်းစနစ်နှင့် ပုံစံအတိုင်း ထားရှိရမည်။ [48]

(၃) အဖွဲ့၏ ငွေစာရင်းများကို နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက် စာရင်းစစ်ချက်အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ သို့ရာတွင် အဖွဲ့သည် နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကိုကြိုတင်ရယူပြီး ခန့်ထားသော မှတ်ပုံဝင်စာရင်းစစ်များအား နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် အဖွဲ့၏ ငွေစာရင်းများကို ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။ [49]

(၄) အဖွဲ့၏ ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက် အဖွဲ့သည် နိုင်ငံတော်သမ္မတထံသို့ ထိုနှစ်ချုပ်ငွေစာရင်း မိတ္တူတစ်စောင်ကို စာရင်းစစ်ချက် အစီရင်ခံစာ မိတ္တူတစ်စောင် နှင့်တကွ တင်ပြရမည်။

[47] ၁၉၆၀ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၀။) ဖြင့် အစားထိုးပြင်ဆင်သည်။

[48] ၁၉၆၀ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၀။) ဖြင့် အစားထိုးပြင်ဆင်သည်။

[49] ၁၉၆၀ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၀။) ဖြင့် အစားထိုးပြင်ဆင်သည်။

ထို့ပြင် ထိုရှင်းတမ်းနှင့် အစီရင်ခံစာ အသီးသီး၏ မိတ္တူတစ်စောင်စီကို အဖွဲ့၏ ဗဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင် ရန်အတွက် ထားရှိရမည်။ [50]

(၅) ဤအက်ဥပဒေအရ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့်ကိစ္စကိုမဆို နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘူယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ၊ အာဏာလွှဲအပ်ထားသည့် ၎င်း၏လက်အောက် အရာရှိက ဆောင်ရွက်နိုင်ရမည် ။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည် ခွင့်ရက် ယူထားခြင်းကြောင့်ဖြစ်စေ ၊ အခြားအကြောင်းကြောင့်ဖြစ်စေ ၊ မိမိ အလုပ်ခွင်တွင် မရှိသည့် အခါမှတစ်ပါး၊ ဤအက်ဥပဒေအရ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့် အစီရင်ခံစာကို ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား အာဏာလွှဲအပ်ခြင်း မပြုရ။ [51]

သီးသန့်ရန်ပုံငွေ

၂၇။ ။ အဖွဲ့သည် ၊ တန်ဖိုးယုတ်လျော့ခြင်းအတွက်၎င်း ၊ သီးသန့်ရန်ပုံငွေနှင့် အခြား လိုအပ်သောရန်ပုံငွေအတွက်၎င်း၊ နိုင်ငံတော်သမ္မတက နိုင်ငံတော်စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းတိုင်ပင်၍ သတ်မှတ်သည့်နှုန်းများနှင့် စည်းကမ်းချက်များအတိုင်း ရန်ပုံငွေ စီမံထားရှိရမည်။

အသားတင်အမြတ် ငွေကိုသုံးစွဲခြင်း

၂၇-က။ ။ ပုဒ်မ ၂၇ တွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေစီမံလျာထားပြီးသည့်နောက် သတ်မှတ်ရမည့် အဖွဲ့၏ အသားတင်အမြတ်ငွေကို အခါအားလျော်စွာ အဖွဲ့နှင့် ညှိနှိုင်း တိုင်ပင်၍ နိုင်ငံတော်သမ္မတက ဆုံးဖြတ်သည့် နည်းလမ်းအတိုင်း သုံးစွဲရမည်။ [52]

---

[50] ၁၉၆၀ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၆၀ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၀။) ဖြင့် အစားထိုး ပြင်ဆင်သည်။

[51] ၁၉၆၀ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၆၀ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၀။) ဖြင့် အစားထိုး ပြင်ဆင်သည်။

[52] ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။) (၇-၁၀-၁၉၅၅) ဖြင့် အစားထိုးပြင်ဆင်သည်။

## အခန်း(၉)

## အထွေထွေ

၃၈။ ။ အဖွဲ့၏ ရာထမ်း မှုထမ်း အားလုံးသည် ဤအက်ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်သောအခါ ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော အပြုအမူကို ပြုသောအခါ ၊ ရာဇသတ်ကြီး ပုဒ်မ (၂၁) အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

အဖွဲ့ရာထမ်း မှုထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်း

၃၉။ ။ (၁) အက်ဥပဒေအရ ဆောင်ရွက်ရမည့် အလုပ်များကို အဖွဲ့က ပြီးမြောက်အောင် ဆောင်ရွက်ရာတွင် ရန်ကုန်မြို့ ရဲဗိုလ်ချုပ်သည်၎င်း ၊ သက်ဆိုင်ရာ ခရိုင်ရဲဗိုလ်မှူးသည်၎င်း ၊ အဆိုပါပုဂ္ဂိုလ်တို့၏ လက်အောက်ရဲအမှုထမ်းများသည်၎င်း အဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ရမည်။

ရဲအကူအညီ

(၂) အဖွဲ့ကဖြစ်စေ ၊ အဖွဲ့၏အုပ်ချုပ်ရေးမှူးကဖြစ်စေ ၊ အဖွဲ့၏အခြားရာထမ်း ၊ မှုထမ်းကဖြစ်စေ ၊ ဤအက်ဥပဒေအရ သော်၎င်း ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေ သို့တည်းမဟုတ် စည်းကမ်းဥပဒေများအရ သော်၎င်း ၊ မိမိအားအပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ္တရားကို တရားဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်ရာတွင် သင့်တော်သော အကူအညီပေးရန် ရဲအမှုထမ်းများအား တောင်းဆိုလျှင် ယင်းသို့ တောင်းဆိုသည့်အတိုင်း ရဲအမှုထမ်းများက အကူအညီပေးရမည်။

၄၀။ ။ ဤအက်ဥပဒေအရ သဘောရိုးဖြင့်ပြုသော သို့တည်းမဟုတ် ပြုသည့်သဘောသက်ရောက်သော အပြုအမူတစ်ခုခုနှင့် စပ်လျဉ်း၍ အဖွဲ့ပေါ်တွင်ဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦး ပေါ်တွင်ဖြစ်စေ၊ အဖွဲ့၏ ရာထမ်းမှုထမ်း တစ်ဦးဦးပေါ်တွင်ဖြစ်စေ ၊ တရားမမှုသော်၎င်း၊ ရာဇဝတ်မှုသော်၎င်း ၊ အခြားတရားမှုခင်းသော်၎င်း စွဲဆိုခြင်း မပြုရ။

တရားစွဲဆိုခြင်း

သို့ရာတွင် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီတစ်ခုက တရားမမှု စွဲဆိုနိုင်သကဲ့သို့ သို့တည်းမဟုတ် စွဲဆိုခံရထိုက်သကဲ့သို့ အလားတူအမှုများတွင် အလားတူနည်းလမ်းဖြင့် အဖွဲ့က သို့တည်းမဟုတ် ဆိုခဲ့သည့် ပုဂ္ဂိုလ်ကဖြစ်စေ ၊ အဖွဲ့ကို သို့တည်းမဟုတ် ဆိုခဲ့သည့် ပုဂ္ဂိုလ်ကိုဖြစ်စေ ၊ တရားမမှုစွဲဆိုခြင်းကို ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမှ ပိတ်ပင်ခြင်းမရှိစေရ။

ထိုသို့ အဖွဲ့ကိုဖြစ်စေ၊ ဆိုခဲ့သည့် ပုဂ္ဂိုလ်ကိုဖြစ်စေ တရားမမှုစွဲဆိုရာတွင် အဖွဲ့ကိုသော်၎င်း၊ ဆိုခဲ့သည့်ပုဂ္ဂိုလ်ကိုသော်၎င်း နှစ်လကြိုတင်၍ စာဖြင့် အကြောင်း

မကြားဘဲမစွဲဆိုရ။ အကြောင်းကြားစာကို အဖွဲ့၏ ရုံးသို့သော်၎င်း ၊ ဆိုခဲ့သည့်ပုဂ္ဂိုလ်၏ ရုံး သို့တည်းမဟုတ် နေအိမ်သို့သော်၎င်း ပေးပို့ရမည့်ပြင် အဆိုပါအကြောင်းကြားစာတွင် အချင်းဖြစ်အကြောင်းအရာ ၊ တရားလို၏ အမည် ၊ နေရပ် နှင့် ရလိုသည့် သက်သာခွင့်ကို ဖော်ပြရမည်။ ယင်းသို့စာဖြင့် အကြောင်းကြားပြီးကြောင်းကို အဆိုလွှာတွင်ဖော်ပြရမည်။ [53]

၄၁။ ။ ဤအက်ဥပဒေစတင် အာဏာမတည်မီ ၁၉၅၁ ခုနှစ် ၊ ဧပြီလ ၃၀ရက်နေ့စွဲပါ အထူးအမိန့်ပြန်တမ်းဖြင့် ထုတ်ပြန်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်သူ့ လုပ်ငန်း ပြန်လည်ထူထောင်ရေးနှင့် အလုပ်သမားဝန်ကြီးဌာန ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းထားသော ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးအဖွဲ့သည် ဤအက်ဥပဒေအရ နည်းလမ်းတကျ ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်ဟု မှတ်ယူရမည့်ပြင် ၊ ထိုအဖွဲ့၏ဆောင်ရွက်ပြီးသောအမှုကိစ္စအဝဝသည် ဤအက်ဥပဒေအရ ဆောင်ရွက်သည့်အမှုကိစ္စများဖြစ်သည်ဟု မှတ်ယူရမည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက် ၊
နိုင်ငံတော်ယာယီသမ္မတ ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော် ။

ရန်ကုန်မြို့ ၊ ၁၃၁၃ ခု ၊ တန်ဆောင်မုန်းလဆုတ် (၁ ) ရက် ။
(၁၉၅၁ ခု ၊ နိုဝင်ဘာလ ၁၄ ရက် ။ )

အမိန့်အရ ၊
ပါစိန် ၊
နိုင်ငံတော်သမ္မတအတွင်းဝန် ။

[အမှတ် ၁၁၅]

---

[53] ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။) (၇-၁၀-၁၉၅၅) ဖြင့် အစားထိုးပြင်ဆင်သည်။